ဝန်ဇင်း
Read on the move

# တန်ပြန်ဝဋ်

အောဖ်နိုင်း(oasis)



# တန်ပြန်ဝင့်

နယ်စပ်မြို့လေး တစ်မြို့ရဲ့ နာမည်ကြီး စားသောက်ဆိုင် တစ်ခု။ ထို စားသောက်ဆိုင်ရဲ့ VIPခန်း တစ်ခန်းထဲမှာ တော့ ထိုမြို့ရဲ့ လူကုံထံစာရင်းဝင် တစ်ယောက်ဖြစ်တဲ့ စက်လှေသူဌေး ကိုတိုးမင်းနဲ့ သူငယ်ချင်း သုံးယောက်။ တစ်မြို့တည်းသား ချင်းတွေပေမဲ့ အလုပ်ကိုယ်စီနှင့် မဆုံဖြစ်ကြသော သူတို့ တွေ ဆုံတိုင်းဆုံခိုက် အချိန်လေးမှာ တော့ စားရင်းသောက်ရင်း ရှေးဟောင်း နှောင်းဖြစ်များ ပြောရင်းဖြင့် တဝါးဝါး တဟားဟား ပွဲကျနေကြသည် ။

''ဟေ့ကောင် တိုးကြီး ဒီနေ့ မင်း ဒကာခံရမှာ နော်''

''ဟာ စိတ်သာချ သူငယ်ချင်း မင်းတို့ ကြိုက်သလောက်သာ ဆွဲ အေးဆေးပါကွ ငါက မင်းတို့ အတွက် အထူးစပယ်ရှယ် အမြည်း တစ်မျိုးတောင် စီစဉ်ထားတာနော်'' ပြောရင်း တစ်ဆက်တည်းမှာ ပင် ကိုတိုးမင်း ဝိတ်တာ ကောင်လေးကို လှမ်းခေါ် လိုက်လေသည် ။

''ဟေ့ ညီ ကိုယ်ပြောထားတဲ့ စပယ်ရှယ် အမြည်းလေး လုပ်ပါဦးကွ''

''ဟုတ်ကဲ့ပါအစ်ကို''

ခဏအကြာ အဝတ်စတစ်စ အုပ်ထားသော တွန်းလှည်းလေးနှင့် အတူ ဝိတ်တာ ကောင်လေး ပြန်ရောက်လာသည် ။

''ဟ တိုးကြီးရ မင်းအမြည်းက ဘာတုန်းဟ''

''ကြည့်လေကွာ မင်းတို့ ကလည်း ဒါ စပယ်ရှယ်မီနူးဟ ဟေ့ ညီ စ ကွာ''

ကိုတိုးမင်း စကားဆုံးတာနဲ့ ဝိတ်တာ ကောင်လေးက အုပ်ထားသော အဝတ်စကို ဆွဲလှန် လိုက်သည် မှာ တော့

''ဟာ''

''ဟင်''

ကိုတိုးမင်း သူငယ်ချင်းတွေ ပါးစပ်အဟောင်းသား ဖြစ်သွားရသည် ။ ဟုတ်ပါသည် ။ သူတို့ မြင်လိုက်ရသည့် မြင်ကွင်းကတော့ လှောင်ချိုင့်ထဲ တွင် ထည့်ထားသော မျောက်ကလေး တစ်ကောင်ပါပေ။ အရက် သို့မဟု တ် မူးယစ်စေသော အရာတစ်ခုခု တိုက်ကျွေးခြင်း ခံထားရသလို မျော က်ကလေးပုံစံမှာ ရီဝေလျက်။ သူတို့ သဘောပေါက် လိုက်လေပြီ။ သူင ယ်ချင်း တိုးမင်းပြောသော စပယ်ရှယ် မီနူးဆိုသည် မှာ မျောက်အရှင် လ တ်လတ်၏ ဦးနှောက်ပင် ဖြစ်သည် ဆိုတာကို  ဝိတ်တာက လှောင်ချိုင့် ထဲကနေ မျောက်ကလေးကို ချီမလိုက်စဉ် တစ်ခဏမှာ တော့ သေဘေး ကို သိနေသည့် အလား မျောက်ကလေးမှာ ရီဝေဝေဖြစ်နေသည့် ကြား ကပင် အတင်း အော်ဟစ်ကာ ရုန်းကန် ပါတော့သည် ။

''ဟာ ဟေ့ကောင် တိုးကြီးရာ သနားပါတယ်ကွာ မလုပ်ပါနဲ့ ဟ ငါ တို့ တခြားဟင်းပွဲတွေ မြည်းရအောင်ပါ ကွာနော်''

''အေး ဟုတ်တယ်ကွ ဟိတ်ကောင် ငါတော့ စိတ်မရဲဘူးကွာ''

''ဟာ မင်းတို့ ကောင်တွေကလည်း ယောက်ျား မဟုတ်တာ ကျနေ တာပဲကွာ။ သတ္တဝါဆိုတာ လူ့ရှုတ်မှ ကျွတ်တာကွ နောက်ပြီး မျောက်ဦး

နောက်က ဘယ်လောက် ကောင်းတယ် မှတ်တုန်း  အားရှိတယ်ကွ။ ငါ တို့ ခွန်အားတွေ တိုးပွားစေတာပေါ့ကွာ။ မင်းတို့ မစားလည်း နေကွာ ငါ ကတော့ မြည်းနေကြပဲ့ ဟားဟား ကဲ ညီ ဆက်လုပ်ပေ့"

သူငယ်ချင်းတွေ တားနေသည့် ကြားထဲမှ ပင် ကိုတိုးမင်း တစ်ယော က် မျောက်ကလေး၏ ဦးနှောက်အား အရက်ဖြင့် မြည်းရန် တက်ကြွ နေ လေသည် ။ ဝိတ်တာလေးက  အော်ဟစ်နေသည့် မျောက်ကလေးကို မချီ ကာ စားပွဲအလယ်မှ ချိန်သားကျ အပေါက်ဖောက် ထားသော အပေါက် ကလေးထဲသို့ မျောက်ကလေးခေါင်းကို ထိုးသွင်းပြီး ကျန်တဲ့ ခန္ဓာကိုယ် ကိုတော့ စားပွဲအောက်ပိုင်းမှာ မလှုပ်နိုင်အောင် တုပ်ချည်လိုက်သည် ။ ထို့နောက် အော်ဟစ်နေသော မျောက်ကလေး ပါးစပ်ထဲသို့ အဆို့တစ်ခုဖြင့် အသံမထွက်စေရန် ဆို့ထား လိုက်လေသည် ။ စားပွဲပေါ် တွင် တော့ ဓားတစ်ချောင်း တူ ဇွန်း ခက်ရင်းနှင့် ဖန်ခွက်တို့ က အဆင် သင့်ပင်။

မျောက်ကလေး၏ ပါးစပ်ကို  အဆို့ဖြင့်  ပိတ်ထားခြင်း ခံရသောကြောင့် အသံလည်း မထွက်နိုင် တုပ်နှောင်ထားသော အနှောင် အဖွဲ့များ ကိုလည်း ရှိသမျှ အားလေးဖြင့် သနားစဖွယ် ရုန်းကန် နေလေ သည် ။ အစား ဘီလူးစီးနေသည့် ကိုတိုးမင်း တစ်ယောက်ကတော့ သ နားရ  ကောင်းမှန်းမသိ။  စားပွဲပေါ်မှ  တူကို  ကောက်ကိုင်ပြီး မျက်ရည်များ ကျကာ အတင်း ရုန်းကန်နေသည့် မျောက်ကလေး ခေါင်း အား မညှာမတာ ခပ်ဆဆလေး ထုချပစ်လိုက်သည် ။  လေးငါး ချက် ထုအပြီးမှာ တော့ ရုန်းကန်နေသည့် မျောက်ကလေးမှာ ငြိမ်ကျ သွားလေတော့သည် ။

ထို့နောက် ကိုတိုးမင်းက အသင့်ချပေးထားသော ဓားဖြင့် မျောက်က

လေး ဦးခေါင်း၏ သုံးပုံတစ်ပုံကို လှီးပစ်လိုက်သည် ။ လှီးထားသော ဦးခေါင်းခွံကို ဖယ်လိုက်သည် နှင့် မျောက်ကလေး၏ တလှုပ်လှုပ် ဖြစ်နေဆဲ ဦးနှောက် ဖွေးဖွေးများက ပေါ်လာပါတော့သည် ။ ကိုတိုးမင်း တစ်ယောက်ကတော့ဖြင့် မျောက်ကလေး၏ ရှင်သန်နေဆဲ ဖြစ်သော ဦးနှောက် ဖွေးဖွေးများကို တပ်မက်စွာဖြင့် ဇွန်းဖြင့် တစ်ဇွန်းချင်းခပ်ကာ စားလိုက် အရက်လေး တစ်ငုံသောက်လိုက်ဖြင့် ဆက်ရက်မင်း စည်းစိမ်ခံနေ လေတော့သည် ။ သူငယ်ချင်းများကတော့ ကိုတိုးမင်းကို ကြည့်ရင်း စိတ်မသက်မသာ ဖြစ်ရုံမှ တစ်ပါး မတတ်နိုင်ပါချေ။

နောက်တစ်လခန့် ကြာသောအခါ-

''ဟာ တောက် သွားပါပြီကွာ ငါတော့ ဘဝပျက်ပါပြီ'' ကိုတိုးမင်း တစ်ယောက် အကြီးအကျယ် ဒေါသထွက် နေလေသည် ။ သူ၏ ကုန်ပစ္စည်း အပြည့် တင်ဆောင်လာသော စက်လှေမှာ ပင်လယ်တွင် မုန်တိုင်းမိပြီး နစ်မြုပ်သွားသည် ဟူသော သတင်းကြောင့် ပင်။ ဒီတစ်ခေါက် အချိကြီးချမည်ဟု ဆိုကာ ငွေအရင်းအနှီးများ စွာ အသုံးပြုထားသဖြင့် သူ၏ ဆုံးရှုံးမှုမှာ မနည်းလှပေ။ စိတ်ညစ်ညစ်နှင့် အရက်ချည်း ဖိသောက်နေမိသည် ။ ကြာတော့ မိန်းမက မကြည်တော့။

''ဒီမှာ ကိုတိုးမင်း ရှင် စိတ်ညစ်တာလည်း ညစ်တာပေါ့ ဒါပေမဲ့ ခုလို အရက်ချည်း သောက်နေလို့ ဘယ်ဖြစ်မလဲ ရှင့်မှာ မိန်းမနဲ့ ကလေး ရှိသေးတယ် ဆိုတာကိုရော ရှင် သတိရသေးရဲ့ လား''

''တောက် ဟိတ်ကောင်မ နင့်ပါးစပ်ကို ပိတ်ထားစမ်း ဆက်ပြောရင် ငါ လက်ပါမိတော့မယ် ဒီမှာ ညစ်နေတာနော်''

မိန်းမနဲ့ တစ်ယောက်တစ်ခွန်း စကားများ ရင်း မိန်းမက သားလေး လက်ကို ဆွဲကာ အိမ်ပေါ်မှ ဆင်းသွားသည် ။ မိန်းမ မရှိတော့

ကိုတိုးမင်းတစ်ယောက် အထိန်းအကွပ် မရှိတော့။ နေ့နေ့ညည အချိန်ပြည့်သောက်သည် ။

တစ်ရက် .........

သူငယ်ချင်းများ နှင့် ဆိုင်မှာ ထိုင်သောက်ရင်း ထုံးစံအတိုင်း မျောက်ဦးနှောက် အမြည်း မှာ ပြန်သည် ။ ကိုတိုးမင်းအကြောင်း သိနေသည့် သူငယ်ချင်းများ မှာ လည်း စိတ်မသက်သာစွာဖြင့် သနားစရာ မျောက်ကလေး အဖြစ်ကို မျက်စိလွှဲနေရုံမှ အပ မတတ်နိုင်ပါ။ သူတို့ သူငယ်ချင်း အကြောင်း သူတို့ သာ အသိဆုံးပင်မလား စားသောက်ပြီး ဆိုင်ကအထွက် ......

''ဟင် သားလေး မိန်းမ''

ဟုတ်ပါသည် ။ ကိုတိုးမင်း တွေ့လိုက်ရသည် က သူတို့ ဆိုင်ရှေ့ မျက်နှာချင်းဆိုင် စားသောက်ဆိုင် တစ်ခုထဲသို့ ဝင်သွားသည့် သူ့မိန်းမနှင့် သားလေး။ မိန်းမနှင့် သားလေးက သူ့ကိုမမြင် ကိုတိုးမင်း ဆိုင်ရှေ့ အပြေး ထွက်သွားသည် ။

''ဟာ ဟေ့ကောင် တိုးကြီး ခဏစောင့်ဦးဟ ဟာ ဒီကောင်ကွာ''

သူငယ်ချင်းတွေ ဇွတ်အတင်း ဆွဲနေသည့် ကြားထဲမှ ပင် ကိုတိုးမင်း တစ်ယောက် တစ်ဖက်ကားလမ်းသို့ ပြေးထွက်သွားသည် ။ မူးနေသည့် ကိုတိုးမင်းတစ်ယောက် သားဇော မိန်းမဇောဖြင့် တစ်ဖက်ကားလမ်းသို့ မဆင်မခြင် ဖြတ်ကူး လိုက်စဉ်မှာ တော့

'ကျွီ'

'ဒုန်း'

'ဟာ တိုက်ပြီဟေ့'

အရှိန်ပြင်းစွာ မောင်းနှင်လာသည့် ဆယ်ဘီးကားကြီးနှင့် တိုက်မိလေတော့သည် ။

''ဟာ တိုးကြီးရာ ဖြစ်ရလေကွာ''

''ငါတို့ ခွတ်ဆွဲနေတဲ့ ကြားက မင်းကွာ'' သူငယ်ချင်းတွေ မြင်လိုက်ရသည် ကား သူတို့ သူငယ်ချင်း၏ အသက်မဲ့ခန္ဓာ။ ကားဘီးအောက်ထဲ ခေါင်းဝင်သွားသဖြင့် ဦးခေါင်းတစ်ခုလုံး ပြားချပ်ကာ ဦးနှောက်တွေ လွင့်စဉ်ထွက်ပြီး မြင်မကောင်း ရှုမကောင်း။ ကိုတိုးမင်း အလောင်းကို ကြည့်ရင်း သူငယ်ချင်း အားလုံးရဲ့ မျက်လုံးထဲမှာ မြင်ယောင် လာမိတာကတော့ အသက်ဘေးကြောင့် မျက်ရည်တွေတွေ ကျလျက် ရှန်းကန်နေသော မျောက်ကလေး။ ထိုမျောက်ကလေး၏ ဦးခေါင်းကို တူဖြင့်ထုကာ ရှင်သန်နေဆဲ မျောက်ဦးနှောက်ကို အားပါးတရ စားနေသော သူတို့ သူငယ်ချင်း တိုးကြီး၏ ပုံရိပ်များ ။

''သူငယ်ချင်းရေ ဖြစ်လေရာ ဘဝမှာ ဒီလိုအဖြစ်ဆိုးတွေနဲ့ ကင်းဝေးပါစေလို့ ငါတို့ ဆုတောင်း ပေးလိုက်ပါတယ်ကွာ''

ဩော် ဝဋ်ကြွေးကြွေးမှာ မလွတ်သာပါလား။

**အမ်နိုင်း (oasis)**

***